ကရုဏာပွားပုံ

အနောဓိသပုဂ္ဂိုလ်ငါးယောက်

၁။ သဗ္ဗေ သတ္တာ ဒုက္ခာမုစ္စန္တု = အားလုံးသောသတ္တဝါတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၂။ သဗ္ဗေ ပါဏာ ဒုက္ခာမုစ္စန္တု = အားလုံးသောအသက်ရှိသူတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၃။ သဗ္ဗေ ဘူတာ ဒုက္ခာမုစ္စန္တု = အားလုံးသောထင်ရှားရှိသူတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၄။ သဗ္ဗေ ပုဂ္ဂလာ ဒုက္ခာမုစ္စန္တု = အားလုံးသောပုဂ္ဂိုလ်တွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ဒုက္ခာမုစ္စန္တု = အားလုံးသော ခန္ဓာကိုယ်
အတ္တဘောရှိသူတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

ဩဓိသပုဂ္ဂိုလ် ခုနစ်ယောက်

၁။ သဗ္ဗာ ဣတ္ထိယော ဒုက္ခာမုစ္စန္တု = အားလုံးသောအမျိုးသမီးတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၂။ သဗ္ဗေ ပုရိသာ ဒုက္ခာမုစ္စန္တု = အားလုံးသောအမျိုးသားတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၃။ သဗ္ဗေ အရိယာ ဒုက္ခာမုစ္စန္တု = အားလုံးသော အရိယာပုဂ္ဂိုလ်တွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၄။ သဗ္ဗေ အနရိယာ ဒုက္ခာမုစ္စန္တု = အားလုံးသော ပုထုဇဉ်ပုဂ္ဂိုလ်တွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၅။ သဗ္ဗေ ဒေဝါ ဒုက္ခာမုစ္စန္တု = အားလုံးသော နတ်ပြဟ္မာတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၆။ သဗ္ဗေ မနုဿာ ဒုက္ခာမုစ္စန္တု = အားလုံးသော လူသားတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

၇။ သဗ္ဗေ ဝိနိပါတိကာ ဒုက္ခာမုစ္စန္တု = အားလုံးသော အပါယ်ဘုံသားတွေ
ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

ထိုပုဂ္ဂိုလ် (၁၂) ယောက်တို့ကို အရပ် (၁၀)မျက်နှာနဲ့တွဲကာ ဆက်ပြီး ကရုဏာပွားရမယ်။ ပုဂ္ဂိုလ် (၁၂) ယောက်ကို အရပ်(၁၀) မျက်နှာဖြင့် မြှောက်ရင် (၁၂၀)ဖြစ်တယ်။ ယင်းကို အရပ်မျက်နှာနဲ့ မတွဲဖက်ဘဲ သက်သက်ပွားများ ရတဲ့ မူလပုဂ္ဂိုလ် (၁၂) ယောက်နဲ့ ပေါင်းလိုက်ရင် ကရုဏာ (၁၃၂) ဖြစ်ပါတယ်။

မုဒိတာပွားပုံ

အနောဓိသပုဂ္ဂိုလ်ငါးယောက်

၁။ သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသော သတ္တဝါတွေ
ရရှိပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့။
ရရှိပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ဘဲ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊
ချမ်းသာမြဲ ချမ်းသာကြပါစေ။

၂။ သဗ္ဗေ ပါဏာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသော အသက်ရှိသူတွေ **.....**

၃။ သဗ္ဗေ ဘူတာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသော ထင်ရှားရှိသူတွေ .....

၄။ သဗ္ဗေ ပုဂ္ဂလာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသော ပုဂ္ဂိုလ်တွေ .....

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု=
အားလုံးသော ခန္ဓာကိုယ် အတ္တဘောရှိသူတွေ .....

ဩဓိသပုဂ္ဂိုလ် ခုနစ်ယောက်

၁။ သဗ္ဗာ ဣတ္ထိယော ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသောအမျိုးသမီးတွေ
ရရှိပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့။
ရရှိပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ဘဲ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊
ချမ်းသာမြဲ ချမ်းသာကြပါစေ။

၂။ သဗ္ဗေ ပုရိသာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသော အမျိုးသားတွေ .....

၃။ သဗ္ဗေ အရိယာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသော အရိယာပုဂ္ဂိုလ်တွေ .....

၄။ သဗ္ဗေ အနရိယာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသော ပုထုဇဉ်ပုဂ္ဂိုလ်တွေ .....

၅။ သဗ္ဗေ ဒေဝါ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသော နတ်ပြဟ္မာတွေ .....

၆။ သဗ္ဗေ မနုဿာ ယထာလဒ္ဒသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသော လူသားတွေ .....
၇။ သဗ္ဗေ ဝိနိပါတိကာ ယထာလဒ္ဒသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =
အားလုံးသော အပါယ်ဘုံသားတွေ .....

ထိုပုဂ္ဂိုလ် (၁၂) ယောက်တို့ကို အရပ် (၁၀) မျက်နှာနဲ့တွဲကာ ဆက်ပြီး မုဒိတာပွားရမယ်။ ပုဂ္ဂိုလ် (၁၂)ယောက်ကို အရပ် (၁၀) မျက်နှာဖြင့် မြှောက်ရင် (၁၂၀)ဖြစ်တယ်။ ယင်းကိုအရပ်မျက်နှာနဲ့ မတွဲဖက်ဘဲ သက်သက်ပွားများရတဲ့ မူလပုဂ္ဂိုလ် (၁၂)ယောက်နဲ့ ပေါင်းလိုက်ရင် မုဒိတာ(၁၃၂) ဖြစ်ပါတယ်။

ဥပေက္ခာပွားပုံ

အနောဓိသပုဂ္ဂိုလ်ငါးယောက်

၁။ သဗ္ဗေ သတ္တာ ကမ္မဿကာ =
အားလုံးသော သတ္တဝါတွေ
ကံစီမံအတိုင်းသာ ဖြစ်ကြလေသည်။
ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြလေသည်။
ကံအားလျော်စွာ ဖြစ်နေကြရသည်။
၂။ သဗ္ဗေ ပါဏာ ကမ္မဿကာ = အားလုံးသောအသက်ရှိသူတွေ .....
၃။ သဗ္ဗေ ဘူတာ ကမ္မဿကာ = အားလုံးသောထင်ရှားရှိသူတွေ .....
၄။ သဗ္ဗေ ပုဂ္ဂလာ ကမ္မဿကာ = အားလုံးသောပုဂ္ဂိုလ်တွေ ....
၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ကမ္မဿကာ =
အားလုံးသော ခန္ဓာကိုယ်အတ္တဘောရှိသူတွေ .....

ဩဓိသပုဂ္ဂိုလ် ခုနစ်ယောက်

၁။ သဗ္ဗာ ဣတ္ထိယော ကမ္မဿကာ = အားလုံးသောအမျိုးသမီးတွေ .....

ကံစီမံအတိုင်းသာ ဖြစ်ကြလေသည်။

ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြလေသည်။

ကံအားလျော်စွာ ဖြစ်နေကြရသည်။

၂။ သဗ္ဗေ ပုရိသာ ကမ္မဿကာ = အားလုံးသော အမျိုးသားတွေ
၃။ သဗ္ဗေ အရိယာ ကမ္မဿကာ = အားလုံးသော အရိယာပုဂ္ဂိုလ်တွေ
၄။ သဗ္ဗေ အနရိယာ ကမ္မဿကာ = အားလုံးသော ပုထုဇဉ်ပုဂ္ဂိုလ်တွေ
၅။ သဗ္ဗေ ဒေဝါ ကမ္မဿကာ = အားလုံးသော နတ်ပြဟ္မာတွေ
၆။ သဗ္ဗေ မနုဿာ ကမ္မဿကာ = အားလုံးသော လူသားတွေ
၇။ သဗ္ဗေ ဝိနိပါတိကာ ကမ္မဿကာ= အားလုံးသော အပါယ်ဘုံသားတွေ

ထိုပုဂ္ဂိုလ်(၁၂)ယောက်တို့ကို အရပ်(၁၀)မျက်နှာတွဲကာ ဆက်ပြီး ဥပေက္ခာပွားရပါမယ်။ ထိုပုဂ္ဂိုလ် (၁၂) ယောက်ကို အရပ် (၁၀) မျက်နှာဖြင့် မြှောက်ရင် (၁၂၀)ဖြစ်တယ်။ ယင်းကို အရပ်မျက်နှာနဲ့ မတွဲဖက်ဘဲ သက်သက် ပွားများနေရတဲ့ မူလပုဂ္ဂိုလ် (၁၂)ယောက်နဲ့ ပေါင်းလိုက်ရင် ဥပေက္ခာ (၁၃၂) ဖြစ်ပါတယ်။

စတုတ္ထမြောက် မစိုးရိမ်ဆရာတော်ဖြစ်တဲ့ **ပဌာန်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓါဘိဝံသ** ရဲ့အဆုံးအမများကို မှတ်မိအောင်ပြုလုပ်ပြီး ဆောင်ထားရပါမယ်။

* တန်းတူတွေ့ရင် မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။
ပြိုင်မည့်အစား မေတ္တာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
* ကိုယ့်အောက်တွေ့လျှင် ကရုဏာဝင်၊ မဝင်နိုင်က နိုင်တတ်တယ်။
နိုင်မည့်အစား ကရုဏာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
* ကိုယ့်ထက်သာလျှင် မုဒိတာဝင်၊ မဝင်က္ကသာ ယှိုင်တတ်တယ်။
ယှိုင်မည့်အစား မုဒိတာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
* မုန်းသူတွေ့လျှင် ဥပေက္ခာဝင်၊ မဝင်နိုင်က ဒေါသဖြစ်တတ်တယ်။
ဒေါသအစား၊ ဥပေက္ခာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
* ရုပ်ကိုလည်းပြင်၊ စိတ်လည်းပြင်၊ ဆင်ခြင်တိုင်းရ၊ ပြုတိုင်းရ၊ သုခနိဗ္ဗာန် တိုင်လိမ့်မယ်။

ဆောင်ထားတဲ့ဆောင်ပုဒ်အလင်္ကာအတိုင်း လိုက်နာကျင့်သုံးနိုင်ကြသဖြင့် ယခုဘဝမှာ ငြိမ်းချမ်းစွာ နေနိုင်ကြပါစေ။

နိဗ္ဗာန်ရသည့်ဘဝတိုင်အောင်လည်း ငြိမ်းချမ်းစွာနေနိုင်ကြပါစေ။

ဆရာတော် ဦးဃောသိတာဘိဝံသ